ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

# (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## ဆုံးဖြတ်ချက်များ

---

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်မှ

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၄ ရက်အထိ

( ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်မှ

၂၀၁၉ခုနှစ်၊ ဇွန်လ ၆ ရက်အထိ)

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ဆုံးဖြတ်ခြင်း** | |
| ဆုံးဖြတ်ခြင်း အမှတ် ၁-၁၂/၂၀၁၉။ | ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ခြင်း | ၁ |
| ဆုံးဖြတ်ခြင်း အမှတ် ၂-၁၂/၂၀၁၉။ | ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည် ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း | ၂ |
| ဆုံးဖြတ်ခြင်း အမှတ် ၃-၁၂/၂၀၁၉။ | မြန်မာ့ပင်လယ်ဆိပ်ကမ်း တစ်ခုဖြစ်သော ရခိုင်ပြည်နယ်၊ မဒေးကျွန်း ရေနက်ဆိပ်ကမ်းမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရေနံစိမ်းများကို ပိုက်လိုင်းမှတစ်ဆင့် သယ်ယူရန်အတွက် တန်ချိန်သုံးသိန်းခန့်အရွယ်ရှိ ရောမဆီတင်သင်္ဘောကြီးများ ယင်းဆိပ်ကမ်းသို့ ဝင်ရောက်လျက်ရှိရာ၊ ကြီးမားသည့် မတော်တဆ ထိခိုက်မှုအန္တရာယ်များ အချိန်မရွေး ဖြစ်ပေါ်စေနိုင်ပြီး၊ ပမာဏများပြားသော ဆီယိုဖိတ်မှုများ (Heavy Oil Pollution) ဖြစ်ပေါ်နိုင်စေရာ ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်လျက်ရှိသည့် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ သဘာဝ သယံဇာတနှင့် အကျိုးစီးပွားများကို ကာကွယ်ပေးနိုင်ရန် အတွက် ပြည်ထောင်စုအစိုးရမှ အချိန်မီနှင့် အမြန်ဆုံးအန္တရာယ် | ၂ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ကာကွယ်တားဆီးရေးကိစ္စများကို ကြိုတင်စီမံခြင်းနှင့် ပြည့်စုံလုံလောက်သော ဥပဒေ၊နည်းဥပဒေ၊ ညွှန်ကြားချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ စီမံရေးဆွဲပေးရန် အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း | |
| ဆုံးဖြတ်ခြင်း အမှတ် ၄-၁၂/၂၀၁၉။ | ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည် ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း | ၃ |
| ဆုံးဖြတ်ခြင်း အမှတ် ၅-၁၂/၂၀၁၉။ | အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း | ၄ |
| ဆုံးဖြတ်ခြင်း အမှတ် ၆-၁၂/၂၀၁၉။ | အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးချက်နှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း | ၅ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ဆုံးဖြတ်ခြင်း အမှတ် ၇-၁၂/၂၀၁၉။ | ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ခြင်း | ၅ |
| ဆုံးဖြတ်ခြင်း အမှတ် ၈-၁၂/၂၀၁၉။ | ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ခြင်း | ၆ |


## အတည်ပြုခြင်း


| | | |
|---|---|---|
| အတည်ပြုခြင်း အမှတ် ၁-၁၂/၂၀၁၉။ | အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီတွင် အဖွဲ့ဝင်နေရာ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြ၍ အတည်ပြုခြင်း | ၇ |
| အတည်ပြုခြင်း အမှတ် ၂-၁၂/၂၀၁၉။ | မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၉)ကို အတည်ပြုခြင်း | ၇ |
| အတည်ပြုခြင်း အမှတ် ၃-၁၂/၂၀၁၉။ | ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို အတည်ပြုခြင်း | ၇ |
| အတည်ပြုခြင်း အမှတ် ၄-၁၂/၂၀၁၉။ | ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုခြင်း | ၈ |
| အတည်ပြုခြင်း အမှတ် ၅-၁၂/၂၀၁၉။ | အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အတည်ပြုခြင်း | ၈ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ဖွဲ့စည်းခြင်း** | |
| ဖွဲ့စည်းခြင်း အမှတ် ၁-၁၂/၂၀၁၉။ | ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီတွင် အဖွဲ့ဝင်နေရာ အစားထိုး ပြင်ဆင် ဖွဲ့စည်းခြင်း | ၉ |
| | **မှတ်တမ်းတင်ခြင်း** | |
| မှတ်တမ်းတင်ခြင်း အမှတ် ၁-၁၂/၂၀၁၉။ | ကတိသစ္စာ မပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းကို မှတ်တမ်းတင်ခြင်း | ၁၁ |
| မှတ်တမ်းတင်ခြင်း အမှတ် ၂-၁၂/၂၀၁၉။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၁၁ |
| မှတ်တမ်းတင်ခြင်း အမှတ် ၃-၁၂/၂၀၁၉။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၁၂ |
| မှတ်တမ်းတင်ခြင်း အမှတ် ၄-၁၂/၂၀၁၉။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၁၂ |
| မှတ်တမ်းတင်ခြင်း အမှတ် ၅-၁၂/၂၀၁၉။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၁၂ |
| မှတ်တမ်းတင်ခြင်း အမှတ် ၆-၁၂/၂၀၁၉။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၁၃ |
| မှတ်တမ်းတင်ခြင်း အမှတ် ၇-၁၂/၂၀၁၉။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၁၃ |
| မှတ်တမ်းတင်ခြင်း အမှတ် ၈-၁၂/၂၀၁၉။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၁၃ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| မှတ်တမ်းတင်ခြင်း အမှတ် ၉-၁၂/၂၀၁၉။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၁၄ |
| မှတ်တမ်းတင်ခြင်း အမှတ် ၁၀-၁၂/၂၀၁၉။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၁၄ |
| မှတ်တမ်းတင်ခြင်း အမှတ် ၁၁-၁၂/၂၀၁၉။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၁၄ |
| မှတ်တမ်းတင်ခြင်း အမှတ် ၁၂-၁၂/၂၀၁၉။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၁၅ |
| မှတ်တမ်းတင်ခြင်း အမှတ် ၁၃-၁၂/၂၀၁၉။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၁၅ |
| မှတ်တမ်းတင်ခြင်း အမှတ် ၁၄-၁၂/၂၀၁၉။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၁၅ |
| မှတ်တမ်းတင်ခြင်း အမှတ် ၁၅-၁၂/၂၀၁၉။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၁၆ |
| မှတ်တမ်းတင်ခြင်း အမှတ် ၁၆-၁၂/၂၀၁၉။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၁၆ |
| မှတ်တမ်းတင်ခြင်း အမှတ် ၁၇-၁၂/၂၀၁၉။ | အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း | ၁၆ |


### တင်ပြခြင်း


| | | |
|---|---|---|
| တင်ပြခြင်း အမှတ် ၁-၁၂/၂၀၁၉။ | အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၉)အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို လွှတ်တော် သို့ အသိပေးတင်ပြခြင်း | ၁၇ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားလွှတ်တော်

မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်မှ ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၄ ရက် (ခရစ်သက္ကရာဇ် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်မှ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်)အထိ နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးက အောက်ပါ ဆုံးဖြတ်ချက်များကို ချမှတ်လိုက်သည်။

## ဆုံးဖြတ်ခြင်း

**ဆုံးဖြတ်ခြင်းအမှတ် ၁-၁၂/၂၀၁၉။** **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ခြင်း**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တရားလွှတ်တော် ရှေ့နေများ ကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘော ကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၂-၁၂/၂၀၁၉။** **၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည် ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့၌ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည် ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၃-၁၂/၂၀၁၉။** **မြန်မာ့ပင်လယ်ဆိပ်ကမ်း တစ်ခုဖြစ်သော ရခိုင်ပြည်နယ်၊ မဒေးကျွန်း ရေနက်ဆိပ်ကမ်းမှ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ ရေနံစိမ်းများကို ပိုက်လိုင်းမှတစ်ဆင့် သယ်ယူရန်အတွက် တန်ချိန်သုံးသိန်းခန့်အရွယ်ရှိ ရောမဆီတင် သင်္ဘောကြီးများ ယင်းဆိပ်ကမ်းသို့ ဝင်ရောက်လျက်ရှိရာ၊ ကြီးမားသည့် မတော်တဆ ထိခိုက်မှုအန္တရာယ်များ အချိန်မရွေး ဖြစ်ပေါ်စေနိုင်ပြီး၊ ပမာဏများပြားသော ဆီယိုဖိတ်မှုများ (Heavy Oil Pollution) ဖြစ်ပေါ်နိုင်စေရာ ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်လျက်ရှိသည့် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ သဘာဝသယံဇာတ နှင့် အကျိုးစီးပွားများကို ကာကွယ်ပေးနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရမှ အချိန်မီနှင့် အမြန်ဆုံး အန္တရာယ် ကာကွယ်တားဆီးရေးကိစ္စများကို ကြိုတင်စီမံခြင်းနှင့်**

**ပြည့်စုံလုံလောက်သော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြား ချက်များကိုလည်း အချိန်နှင့် တစ်ပြေးညီ စီမံရေးဆွဲ ပေးရန် အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့၌ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ မြန်မာ့ပင်လယ်ဆိပ်ကမ်း တစ်ခုဖြစ်သော ရခိုင်ပြည်နယ်၊ မဒေးကျွန်း ရေနက်ဆိပ်ကမ်းမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရေနံစိမ်းများကို ပိုက်လိုင်းမှတစ်ဆင့် သယ်ယူရန်အတွက် တန်ချိန်သုံးသိန်းခန့်အရွယ်ရှိ ရောမ ဆီတင်သင်္ဘောကြီးများ ယင်းဆိပ်ကမ်းသို့ ဝင်ရောက်လျက် ရှိရာ၊ ကြီးမားသည့် မတော်တဆ ထိခိုက်မှုအန္တရာယ်များ အချိန်မရွေး ဖြစ်ပေါ်နိုင်စေပြီး၊ ပမာဏများပြားသော ဆီယိုဖိတ်မှုများ (Heavy Oil Pollution) ဖြစ်ပေါ်နိုင်စေရာ ပင်လယ် ကမ်းရိုးတန်းနှင့် ဆက်စပ်လျက်ရှိသည့် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ သဘာဝ သယံဇာတနှင့် အကျိုးစီးပွားများကို ကာကွယ်ပေးနိုင်ရန် အတွက် ပြည်ထောင်စုအစိုးရမှ အချိန်မီနှင့် အမြန်ဆုံး အန္တရာယ်ကာကွယ်တားဆီးရေးကိစ္စများကို ကြိုတင်စီမံခြင်းနှင့် ပြည့်စုံ လုံလောက်သော ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ စီမံရေးဆွဲပေးရန် အဆိုကို လွှတ်တော်၏ ဆန္ဒရယူရာ သဘောမတူသူ မရှိသည့်အတွက် အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၄–၁၂/၂၀၁၉။** **ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည် ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၂၁ ရက်)တွင် ကျင်းပ သည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့၌

ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၅-၁၂/၂၀၁၉။** **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည် ကြားနာ ဆောင်ရွက် ရန် ဆုံးဖြတ်ခြင်း**

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁ ရက် (၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့၌ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၆-၁၂/၂၀၁၉။** **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးချက်နှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်း**

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁ ရက် (၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့၌ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးချက်နှင့် ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၇-၁၂/၂၀၁၉။** **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ခြင်း**

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၄ ရက် (၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့၌ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စု လွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၈-၁၂/၂၀၁၉။**

**ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ခြင်း**

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၄ ရက် (၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့၌ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်သည်။

## အတည်ပြုခြင်း

**အတည်ပြုခြင်းအမှတ် ၁-၁၂/၂၀၁၉။** **အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီတွင် အဖွဲ့ဝင်နေရာ အစားထိုး ပြင်ဆင် ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြ၍ အတည်ပြုခြင်း**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့၌ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီတွင် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးချုပ်သက်နိုင် အစား ဗိုလ်မှူးချုပ်ညွန့်ဆွေ အား အဖွဲ့ဝင်အဖြစ် အစားထိုး ပြင်ဆင် ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြ၍ အတည်ပြုသည်။

**အတည်ပြုခြင်းအမှတ် ၂-၁၂/၂၀၁၉။** **မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)ကို အတည်ပြုခြင်း**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)ကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၉၂ အရ လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

**အတည်ပြုခြင်းအမှတ် ၃-၁၂/၂၀၁၉။** **၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို အတည်ပြုခြင်း**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့၌ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၂ အရ လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

**အတည်ပြုခြင်းအမှတ် ၄-၁၂/၂၀၁၉။ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုခြင်း**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့၌ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၂ အရ လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

**အတည်ပြုခြင်းအမှတ် ၅-၁၂/၂၀၁၉။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အတည်ပြုခြင်း**

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၄ ရက် (၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့၌ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်က အတည်ပြုသည်။

# ဖွဲ့စည်းခြင်း

**ဖွဲ့စည်းခြင်းအမှတ် ၁-၁၂/၂၀၁၉။** **ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီတွင် အဖွဲ့ဝင်နေရာ အစားထိုး ပြင်ဆင် ဖွဲ့စည်းခြင်း**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်) တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့၌ ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီကို အဖွဲ့ဝင်(၁၅)ဦးဖြင့် အောက်ပါအတိုင်း အစားထိုး ပြင်ဆင် ဖွဲ့စည်းသည် -

| | | | |
|---|---|---|---|
| ၁။ | ဒေါက်တာဇော်လင်းထွဋ် | မွန်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၉) | ဥက္ကဋ္ဌ |
| ၂။ | ဒေါက်တာစန်းမောင်မောင် | ပဲခူးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၁) | အတွင်းရေးမှူး |
| ၃။ | ဦးဝင်းဇော် | ကချင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၇) | အဖွဲ့ဝင် |
| ၄။ | ဒေါ်လှိုင်းဇာ | ကယားပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၆) | အဖွဲ့ဝင် |
| ၅။ | ဦးဌေးတင်း | ချင်းပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၁၁) | အဖွဲ့ဝင် |
| ၆။ | ဦးဝင်းမောင် | မကွေးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၆) | အဖွဲ့ဝင် |
| ၇။ | ဒေါက်တာလင်းဝေဖြိုးလတ် | တနင်္သာရီတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၅) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၈။ | ဒေါက်တာကျော်ဌေး | မကွေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| | | မဲဆန္ဒနယ်အမှတ်(၁၀) | |
| ၉။ | ဒေါက်တာကျော်သန်းထွန်း | မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| | (ကန်တုံ) | မဲဆန္ဒနယ်အမှတ်(၃) | |
| ၁၀။ | ဦးမြင့်နိုင် | ရခိုင်ပြည်နယ် | အဖွဲ့ဝင် |
| | | မဲဆန္ဒနယ်အမှတ်(၅) | |
| ၁၁။ | ဦးစိုင်းဝမ်းလှိုင်းခမ်း | ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| | | မဲဆန္ဒနယ်အမှတ်(၃) | |
| ၁၂။ | ဦးမိုင်းအုဏ်းခိုင် | ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| | | မဲဆန္ဒနယ်အမှတ်(၁၀) | |
| ၁၃။ | မန်းထွန်းကြိုင် | ဧရာဝတီတိုင်းဒေသကြီး | အဖွဲ့ဝင် |
| | | မဲဆန္ဒနယ်အမှတ်(၆) | |
| ၁၄။ | ဒေါ်နော်ဆာမူထူး | ကရင်ပြည်နယ် | အဖွဲ့ဝင် |
| | | မဲဆန္ဒနယ်အမှတ်(၁၁) | |
| ၁၅။ | ဗိုလ်မှူးချုပ်ညွန့်ဆွေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |

# မှတ်တမ်းတင်ခြင်း

**မှတ်တမ်းတင်ခြင်းအမှတ် ၁-၁၂/၂၀၁၉။ ကတိသစ္စာ မပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက် (၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့၌ ကတိသစ္စာ မပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများသည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအဖြစ် ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၂-၁၂/၂၀၁၉။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက် (၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၂၂၄) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ( ၂၉ )ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၃-၁၂/၂၀၁၉။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၂၂၄) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ( ၂၈ )ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၄-၁၂/၂၀၁၉။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၂၂၄) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၂)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၅-၁၂/၂၀၁၉။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၂၂၄) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၁)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၆-၁၂/၂၀၁၉။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၂၂၄) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၈)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၇-၁၂/၂၀၁၉။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၂၂၄) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၈-၁၂/၂၀၁၉။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၂၂၄) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၂) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၉-၁၂/၂၀၁၉။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၂၁ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၂၂၄) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၅) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၀-၁၂/၂၀၁၉။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၂၂၄) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅၂) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၁-၁၂/၂၀၁၉။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၂၂၄) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၂) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၂-၁၂/၂၀၁၉။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၂၂၄) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၀) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၃-၁၂/၂၀၁၉။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၂၈ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၂၂၄) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၇) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၄-၁၂/၂၀၁၉။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက် (၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၂၂၄) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၄) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၅-၁၂/၂၀၁၉။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၀ ခုနှစ်၊ နယုန်လဆန်း ၁ ရက် (၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၂၂၄) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၆-၁၂/၂၀၁၉။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၀ ခုနှစ်၊ နယုန်လဆန်း ၃ ရက် (၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၂၂၄) ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၂) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၇-၁၂/၂၀၁၉။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၈၀ ခုနှစ်၊ နယုန်လဆန်း ၄ ရက် (၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက် နေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၂၂၄) ဦးရှိပြီး ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ (၂၆) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

# တင်ပြခြင်း

တင်ပြခြင်းအမှတ် ၁-၁၂/၂၀၁၉။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၉)အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၃ ရက် (၂၀၁၉ ခုနှစ်၊ ဇွန်လ ၅ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့၌ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၉)အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၄၊ နည်းဥပဒေခွဲ (က) အရ လွှတ်တော်သို့ အသိပေးတင်ပြသည်။

မန်းဝင်းခိုင်သန်း

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်